# နမူနာ မူစည်းမျဉ်းများ

## ကလေးလုပ်သား မရှိရေး မူဂါဒဆိုင်ရာ ထွက်ဆိုချက်

**လုံးဂသည်းခံမည်မဟုတ်ကြောင်း ကတိကဂတ်ပြုချက်**

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကလေးလုပ်သား စေခိုင်းမှု အားလုံး၊ ဆိုလိုသည်မှာ "ကလေး၏ အသက်အရွယ်နှင့် မသင့်တော်သော၊ ကလေး၏ ပညာရေးအပေါ် သက်ရောက်မှုရှိသော ထို့ပြင်/သို့မဟုတ် ကလေး၏ ကျန်းမာရေး၊ လုံခြုံရေး သို့မဟုတ် ကိုယ်ကျင့်ဂတ်များအပေါ် ထိခိုက်နိုင်ခြေရှိသော အလုပ်များ" အစရှိသည်တို့နှင့်ပတ်သက်ပြီး လုံးဂသည်းခံမည်မဟုတ်သည့် မူဂါဒကို လက်ကိုင်ထားရှိပေသည်။ အသက် ၁၅ နှစ်အောက် ကလေးများအား အလုပ်ခန့်အပ်မှု သို့မဟုတ် အတင်းအကြပ် အလုပ် စေခိုင်းမှုတို့ကို တင်းကြပ်စွာ တားမြစ်ထားပြီး၊ ကလေး၏ ကျန်းမာရေး၊ လုံခြုံရေး နှင့် ကိုယ်ကျင့်ဂတ်များအပေါ် အန္တရာယ်ဖြစ်စေ နိုင်သော အလုပ်အမျိုးအစား မှန်သမျှအတွက် အနည်းဆုံး သတ်မှတ်ထားသော အသက် ကန့်သတ်ချက်မှာ ၁၈ နှစ် ဖြစ်သည်ဟု သတ်မှတ်ထားသည့် ILO သဘောတူညီချက်များအား ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

ကျွန်ပြုစေခိုင်းမှု သို့မဟုတ် ကျွန်ပြုမှုနှင့်အလားတူညီသည့် ကလေးရောင်းချမှု နှင့် လူကုန်ကူးမှု ကဲ့သို့သော အလေ့အကျင့်များ၊ အကြွေးဖြင့် ချည်နှောင်မှု၊ ခိုင်းဖတ်ပြုမှု၊ အတင်းအကြပ် သို့မဟုတ် ဖိအားပေး အလုပ်စေခိုင်းမှု၊ လက်နက်ကိုင်တပ်အတွင်း ခန့်အပ်မှု၊ ပြည့်တန်ဆာလုပ်ငန်းအတွင်း နှင့် ညစ်ညမ်းရုပ်ရှင် ထုတ်လုပ်ရေး သို့မဟုတ် ညစ်ညမ်းတင်ဆက်မှုများအတွက် ကလေးအား အသုံးပြုမှု၊ ဖာဆွယ်မှု သို့မဟုတ် ကမ်းလှမ်းမှု၊ တရားဥပဒေမဲ့ ဆောင်ရွက်ချက်များ၊ အထူးသဖြင့် မူးယစ်ဆေး ထုတ်လုပ်မှု နှင့် ကုန်ကူးမှုတို့တွင် ကလေးအား အသုံးပြုမှု၊ ရှာပေးမှု သို့မဟုတ် ကမ်းလှမ်းမှု အစရှိသည့် ပုံစံအားလုံး အပါအဂင် ကလေးလုပ်သား စေခိုင်းမှု အဆိုးရွားဆုံးသော ပုံစံများအထိအား လုံးဂသည်းခံမည်မဟုတ်သော တင်းကြပ်သည့် မူဂါဒကို ကျွန်ုပ်တို့ လက်ကိုင်ထားပါသည်။

ILO သဘောတူညီချက်များအရ အကယ်၍ သက်ဆိုင်ရာ ငယ်ရွယ်သူများ၏ ကျန်းမာရေး၊ လုံခြုံရေး နှင့် ကိုယ်ကျင့်တရားများအား အပြည့်အဂ ကာကွယ်ပေးမှု ရှိပြီး၊ ၎င်းတို့အတွက် လုံလောက်သော အသေးစိတ် ထရိန်နင်သင်တန်းများ ပေးအပ်ထားမည်ဆိုလျှင် အသက် ၁၆ နှစ်မှစတင်၍ အလုပ်လုပ်ရန် နိုင်ငံတော် အစိုးရများမှ ထောက်ခံခွင့်ပြုထားကြောင်း ကျွန်ုပ်တို့ နားလည်သိရှိ ထားပါသည်။ ဤ "ငယ်ရွယ်သော အလုပ်သမားများ" သည် တစ်ခြားတစ်နေရာရာတွင် တရားဂင်ကောင်း တရားဂင်မည် ဖြစ်သော်လည်း ပင်လယ်စာ လုပ်ငန်းပိုင်းတွင်မူ ကျွန်ုပ်တို့အနေနှင့် ထိုင်းနိုင်ငံ အလုပ်သမား ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ ၎င်းဥပဒေများအရမူ အသက် ၁၈ နှစ်အောက် အလုပ်သမားများအား ငှားရမ်းခန့်အပ်ခြင်းကို တားမြစ်ထားပေသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် လူ့အခွင့်အရေးများ၊ အထူးသဖြင့် ကလေးများ၊ ပြောရမည်ဆိုလျှင် အမျိုးသမီးများ နှင့် မိန်းကလေးများတို့ အနေဖြင့် ၎င်းတို့၏ ဖူလုံပြည့်စုံရေးအတွက် စိတ်ချရမှုရှိကာ အကာအကွယ်ပေး၍ ပံ့ပိုးထောက်ပံ့မှုများပြုပေးသော ပတ်ဂန်းကျင် တွင် ၎င်းတို့၏ ပညာရေး၊ ဂုဏ်သိက္ခာ၊ အပြည့်အစုံသော ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု အခွင့်အရေးများအား လေးစားသမှုပြုရန် ခိုင်မာသော ကတိကဂတ်ပြုချက်၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။ ကလေးများအား ၎င်းတို့နှင့် မသင့်တော်သော အလုပ်အကိုင်များ နှင့် အလုပ်ချိန်များတွင် အတင်းအကြပ် အလုပ်လုပ်စေခြင်း၊ ၎င်းတို့၏ ကျောင်းတက်ရန် နှင့် ကျွမ်းကျင်မှုများ တိုးတက်စေရန် အခွင့်အလမ်းများအား ပိတ်ပင်ခြင်း၊ ဤသို့အားဖြင့် ၎င်းတို့၏ နောက်ပိုင်း ဘဂအသက်တာတွင် သင့်တင့်၍ ထုတ်လုပ်နိုင်စွမ်း အားကောင်းသော အလုပ်အကိုင်များ ရရှိနိုင်ဖို့ အခွင့်အလမ်းများကို အနှောက်အယှက်ဖြစ်စေခြင်း အစရှိသည်တို့အားဖြင့် ကလေး လုပ်သားစေခိုင်းမှုသည် ကျေးလက် နှင့် မြို့ ပြဒေရိယာများတွင် ဆင်းရဲချို့တဲ့မှု စက်ဂန်းအား ဖြစ်ပေါ်စေသည်ကို ကျွန်ုပ်တို့ သတိပြု သိရှိထားပါသည်။

ကလေးများအပေါ် ထိခိုက်စေမှုသည် ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်းများ နှင့်၊ ထို့အတူ တက်ကြွ၍ ကျွမ်းကျင်မှုရှိသော လုပ်သားများအား လိုအပ်လျက်ရှိသည့် စက်မှုလုပ်ငန်းပိုင်းများအပေါ်သို့လည်း မလွှဲမရှောင်သာ သက်ရောက်မှုရှိစေမည် ဖြစ်သည်။ သို့ဖြစ်သောကြောင့်ဗှာ အဆိုပါသော ကလေးလုပ်သားစေခိုင်းမှု အပြုအမူများသည် အားလုံးသော ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ခုခံကာကွယ်နိုင်စွမ်း အားနည်းသော ပါဂင်သက်ဆိုင်သူများ၊ အဓိကအနေဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများအား ၎င်းတို့၏ ပညာသင်ယူခွင့်၊ ဘဂတွက်တာ ကျွမ်းကျင်မှုများ သင်ယူခွင့်၊ လုံခြုံမှု နှင့် အကာအကွယ်ပေးမှု ရရှိခွင့် အစရှိသည်တို့ကို ချို့တဲ့စေခြင်းဖြင့် ၎င်းတို့၏ ကြီးထွားနိုင်စွမ်း အပြည့်အဂ ဖွံ့ ဖြိုးတိုးတက်မှု နှင့် နောက်ပိုင်း ၎င်းတို့ဘဂအသက်တာတွင် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ နှင့် ဂင်ငွေရရှိခွင့်များကို ထိခိုက်စေနိုင်သည် သို့မဟုတ် ၎င်းတို့အား တစ်နည်းနည်း အန္တရာယ်ဖြစ်စေနိုင်သည်ဟု သိရှိထားသည်နှင့်အညီ ၎င်းကလေးလုပ်သား စေခိုင်းမှု အားလုံးကို ဆန့်ကျင်သည့် ခိုင်မာသော ရပ်တည်ချက်အား ကျွန်ုပ်တို့ ရွေးချယ်ပါသည်။ ထို့ပြင် ဆင်းရဲမှု သံသရာစက်ဂန်းအား ဖန်တီးသည့် ကလေးလုပ်သား စေခိုင်းမှုသည် အကြွေးဂန်ပိခြင်း၊ လွတ်လပ်မှု ပျောက်ဆုံးခြင်း၊ ဆန္ဒမပါဘဲ ကျွန်ပြုခံရခြင်း၊ အတင်းအကြပ် လုပ်အားစေခိုင်းခြင်း၊ ကလေးများ၊ ၎င်းတို့ မိသားစုများ နှင့် ၎င်းတို့ ရပ်ရွာအဖွဲ့အစည်းများ၏ အသက်တာ နှင့် ဖူလုံကျန်းမာရေးအပေါ် ယာယီ သို့မဟုတ် အမြဲတမ်း ထိခိုက် သို့မဟုတ် ဒဏ်ရာ ဖြစ်စေနိုင်သော ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်း အစရှိသည်များသို့ ဦးတည်သွားနိုင်သည့်အတွက်ကြောင့်ဗှာ ကလေးလုပ်သားစေခိုင်းမှုကို ကျွန်ုပ်တို့ လုံးဂ သည်းခံမည်မဟုတ်ပေ။

**သက်ရောက်သက်ဆိုင်မှု နှင့် နယ်ပယ်ဂန်းကျင် အတိုင်းအတာ**

ကျွန်ုပ်တို့၏ ကုမ္ပဏီ နှင့် အားလုံးသော ကျွန်ုပ်တို့၏ ဂန်ထမ်းများသည် အထက်တွင်ဖော်ပြထားသည့် အဆိုးရွားဆုံးသော ကလေးလုပ်သားစေခိုင်းမှု ပုံစံများ အပါအဂင် မည်သည့်ပုံစံမဆိုသော ကလေးလုပ်သား စေခိုင်းမှုများတွင်မဆို ပါဂင် ဆောင်ရွက်ခြင်း ပြုမည် မဟုတ်သလို အဆိုပါသော

အပြုအမူများအား တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော် လည်းကောင်း ပံ့ပိုးခြင်း သို့မဟုတ် အားပေးအားမြှောက်ပြုခြင်းများအားလည်း ဆောင်ရွက်မည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများတွင်၊ မိတ်ဖက်အဖွဲ့အစည်းများ သို့မဟုတ် ထောက်ပံ့မှု လုပ်ငန်းတွဲများ တို့တွင် ကလေးလုပ်သားများအား အသုံးပြုကြောင်း၊ ကလေးများအား အတင်းအကြပ် ဖိအားပေးစေခိုင်းကြောင်း၊ ချည်နှောင် သို့မဟုတ် ကျွန်ပြုကြောင်း၊ ထို့ပြင် လူကုန်ကူးကြောင်း၊ သို့မှမဟုတ် ကလေးများအား ကျင့်ဝတ်နှင့်မညီသော တရားမဝင် အလေ့အကျင့်များတွင် ပါဝင်စေကြောင်း အစရှိသဖြင့်အား တွေ့ ရှိရသည့်၊ သို့မဟုတ် ယူဆရသည့်၊ ထို့ပြင် တရားစွဲဆိုခြင်း ခံထားရသည့် သို့မဟုတ် သံသယထက်လွန်ကာ အထောက်အထားများ တွေ့ ရှိရသည့် အဖွဲ့အစည်း မှန်သမျှဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရန် ကတိကဝတ်ပြုထားပါသည်။ အထူးသဖြင့် ကလေးလုပ်သားစေခိုင်းမှု၊ နှင့် အထက်တွင်ဖော်ပြထားသည့် အဆိုးရွားဆုံးပုံ ကလေးလုပ်သား အသုံးပြုမှုများတို့တွင် တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သတ်ကောင်း ပတ်သက်နေသည့်/ပါဝင်ပတ်သက်လျက်ရှိသည့် အလုပ်သမားထောက်ပံ့ပေးသူများ၊ တစ်ဆင့်ခံ စာချုပ်ခွဲ ချုပ်ဆိုထားသူများ၊ ဝန်ဆောင်မှု ထောက်ပံ့သူများ၊ ပွဲစားများ၊ အေးဂျင့်များ၊ လူသစ်ရှာဖွေပေးသူများ၊ လူသစ်ရှာဖွေရေး အေဂျင်စီများ အစရှိသည်တို့ထံမှ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ဝယ်ယူမည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကလေးလုပ်သား စေခိုင်းမှု ဖြစ်ရပ်များအား တိုင်ကြားသည့်၊ သို့မဟုတ် ၎င်းတို့၏ အမြင်များအား ထုတ်ဖော်ဖွင့်ဟသည့်၊ သို့မဟုတ် အခြားသော အလုပ်သမားများဖြင့် ဆက်သွယ်သည့် အလုပ်သမားများအား အပြစ်ပေးသည့်အနေနှင့်သော်လည်းကောင်း သို့မဟုတ် စည်းမျဉ်းစည်းကမ်းအရ အရေးယူသည့်အနေနှင့်သော်လည်းကောင်း၊ သို့မှမဟုတ် လူမျိုး၊ ဂျန်ဒါ၊ ဘာသာရေး နှင့် အခြားသော ခွဲခြားဆက်ဆံမှု ပုံစံများအနေဖြင့်သော်လည်းကောင်း အတင်းအကြပ် ဖိအားပေး လုပ်အားစေခိုင်းမှု၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ ရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု အစရှိသည်တို့ကို ပြုလုပ်မည်မဟုတ်ပေ။

အားလုံးသော ဌာနတွင်းပိုင်း ပါဝင်ပတ်သက်နေသူများ - ပိုင်ရှင်များ၊ ရှယ်ယာရှင်များ၊ မန်နေဂျာများ နှင့် ဝန်ထမ်းများ - တို့သည် အလုပ်တွင်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ နေထိုင်မှုဘဝများတွင်သော်လည်းကောင်း ဤမူဝါဒအား တစ်စုံတစ်ရာ ချိုးဖောက်ခြင်းများတွင် ပါဝင်ခြင်းမပြုရန် နှင့် ထောက်ပံ့အားပေးခြင်းမပြုရန်ငှာ အချိန်နှင့်အမျှ တင်းကြပ်သော စံသတ်မှတ်ချက်များကို လိုက်နာဖို့ ကျွန်ုပ်တို့၏ ကုမ္ပဏီမှ မျှော်လင့်ထားပါသည်။ အလားတူပင် အားလုံးသော ပြင်ပမှ ပါဝင်ပတ်သက်နေသူများ - အလုပ်သမား ထောက်ပံ့ပေးသူများ၊ တစ်ဆင့်ခံ စာချုပ်ခွဲချုပ်ဆိုထားသူများ၊ ပွဲစားများ၊ အေးဂျင့်များ၊ အထူးသဖြင့် လူသစ်ရှာဖွေရေး အေဂျင်စီများ၊ စက်မှုလုပ်ငန်းဆိုင်ရာ သို့မဟုတ် ရပ်ရွာ အဖွဲ့အစည်းများ - တို့အနေနှင့် ကလေးလုပ်သားစေခိုင်းမှုနှင့်ပတ်သက်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ မူဝါဒ နှင့် အနေအထားတို့နှင့်အညီ လိုက်နာဆောင်ရွက်ဖို့ရန် ကျွန်ုပ်တို့ ကုမ္ပဏီမှ မျှော်လင့်ထားပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အားလုံးသော ပါဝင်သက်ဆိုင်သူများအနေနှင့် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုဆိုင်ရာ မြင့်မားသော စံသတ်မှတ်ချက်များအား ထိန်းသိမ်းမှုပြုရန် ကျွန်ုပ်တို့၏ ကုမ္ပဏီမှ မျှော်လင့်ထားပါသည်။

**ဖြစ်နိုင်ခြေရှိသော မညီမျှမှုများအား လိုက်နာဖြေရှင်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများ**

ရွှေ့ပြောင်းလုပ်သားများ၊ အမျိုးသမီးများ နှင့် ၎င်းတို့၏ ကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မသန်စွမ်းသူများ အစရှိသည်တို့ကဲ့သော ခုခံကာကွယ်နိုင်စွမ်း အားနည်းသည့် အချို့ ပါဝင်သက်ဆိုင်သူ အုပ်စုများအား အသိမှတ်ပြုသည့်အနေနှင့်ငှာ၊ ထို့ပြင် အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများအပါအဝင် ကလေးလုပ်သားစေခိုင်းမှုများအတွက် ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကုမ္ပဏီ၏ တန်ဖိုးထားမှုများနှင့်အညီ၊ ထို့ပြင် ကျွန်ုပ်တို့၏ ကုမ္ပဏီမှ စွမ်းဆောင်ပေးနိုင်သော အတိုင်းအတာအတွင်း ၎င်းတို့အတွက် အထူး ထည့်သွင်းစဉ်းစားမှုများကို ပေးအပ်၍ အရင်းအမြစ်များအား ထောက်ပံ့ပေးသွားရန် ကတိကဝတ်ပြုပါသည်။ ထို့အတူ သတိပြုသိရှိစေမှု၊ ကြိုတင်ကာကွယ်မှုများအား တိုးမြင့်လုပ်ဆောင်မှု၊ သိမှတ်လာစေမှု နှင့် လျှို့ ဝှက် အစီရင်ခံတိုင်ကြားမှု၊ မကျေနပ်ချက်တိုင်ကြားမှု လမ်းကြောင်းများနှင့် ဖြေရှင်းမှု ရွေးချယ်စရာများအား ထောက်ပံ့ပေးမှု၊ ထို့ပြင် အားလုံးသော ဤနည်းဗျူဟာများသည် ဖြစ်နိုင်ခြေရှိသော မညီမျှမှုများအား စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးခြင်း ရှိ/မရှိ စောင့်ကြည့်လေ့လာမှု နှင့် အတည်ပြုဆောင်ရွက်မှု၊ ထို့အပြင် ကလေးလုပ်သားစေခိုင်းမှုများအား ဖော်ထုတ်၊ လျှော့ချ၊ ကာကွယ်တားဆီး၍ ဖယ်ရှားမှုအား လွယ်ကူချောမွေ့စေရန် ကြိုးပမ်းအားထုတ်မှုများ အစရှိသည့် မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအားဖြင့် ဤမူဝါဒ လိုက်နာဆောင်ရွက်မှုကို လမ်းပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်မှတ်ရေးထိုးသည့် နေ့စွဲမှစတင်၍ ဤမူဝါဒသည် စတင်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကျေးဇူးပြုပြီး သိရှိထားပါ။

......................................

( )

စီမံခန့်ခွဲမှု ဒါရိုက်တာ

နေ့စွဲ - __________________